# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ။)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာန ကို ဆိုသည်။

(င) **အေဂျင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကိုဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်သည့် ဦးစီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက် အဆင့်ရှိသော အရာရှိကိုဆိုသည်။

(ဈ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့်

အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာ မူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့် အမျိုးအစားများလည်းပါဝင်သည်။

(ည) **အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင်အသွေး ပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့် မြင်တွေ့နိုင်သော အမှတ်အသား တစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသား တစ်ခုနှင့်တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြုအမှတ်တံဆိပ်တို့လည်း ပါဝင်သည်။

( ဋ ) **ကုန်အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

( ဌ ) **ဝန်ဆောင်မှုအမှတ်တံဆိပ်** ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်း တစ်ခု၏ ဝန်ဆောင်မှုများကို အခြားသောလုပ်ငန်းများ၏ ဝန်ဆောင်မှုများမှခွဲခြား သိရှိ စေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

( ဍ ) **စုပေါင်းပိုင်အမှတ်တံဆိပ်** ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် လူမှုစီးပွားရေး အဖွဲ့အစည်းများ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်း ထားသော အဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်လည်း ပါဝင်သည်။

( ဎ ) **အသိအမှတ်ပြုအမှတ်တံဆိပ်** ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြားထူးခြားသော အချက်အလက်များနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဏ) **ဒေသဆိုင်ရာအညွှန်း** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာနိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှမူလထွက်ရှိသော ကုန်ပစ္စည်း ဖြစ်ကြောင်း ညွှန်းပြချက်တစ်ခုခုကို ဆိုသည်။

(တ) **ကျော်ကြားသောအမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ်ထားသောစံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ထ) **ကုန်သွယ်မှုအမည်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်နှင့်တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသော အမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည်။

(ဒ) **အမှတ်တံဆိပ်ပိုင်ရှင်** ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင် အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဓ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ အမှတ်တံဆိပ်ပိုင်ရှင်၊ ကျော်ကြားသော အမှတ်တံဆိပ် ပိုင်ရှင်၊ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှုအမည်ပိုင်ရှင်၊ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူအဖြစ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်း ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(န) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်း များ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(ပ) **မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကို သော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်များ အပ်နှင်း ထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။

(ဖ) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၃၁ ပါ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ဗ) **ကုန်စည်ပြပွဲဆိုင်ရာဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ပုဒ်မ ၃၂ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် အများပြည်သူအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(ဃ) ဒေသဆိုင်ရာ အညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၆) | အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင် |
| (၇) | နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံး ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များ ရရှိစေရေးအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင် ဆောင်ရွက်ပေးခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၄)
## အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | ရှစ် ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ | အဖွဲ့ဝင် |
| (၄) | ငါး ဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) | ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်စနစ် ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်း

စီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ဂ ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့်သဘောတူညီချက်များတွင် နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့်သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( င ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( စ ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဆ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

( ဇ ) ဒေသအတွင်းရှိ ပြည်သူများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အတွင်း ဒေသအလိုက်ထွက်ရှိသော အရည်အသွေးမြင့် ထုတ်ကုန်များကို အကာအကွယ်ပေးခြင်း၊

( ဈ ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

( ဋ ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြု သတ်မှတ်ခြင်း၊

( ဌ ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့်အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

( ဍ ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ဎ ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်း ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ခ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိနှင့် လိုအပ်သည့် စစ်ဆေးရေးအရာရှိတို့ကို အေဂျင်စီ၏ တင်ပြချက်အရ ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဗဟိုကော်မတီနှင့် အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့်ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင်လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်းတို့ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) အမှတ်တံဆိပ်လျှောက်ထားချက်ကို စစ်ဆေးပြီးနောက် ခွင့်ပြုရန် သင့် မသင့် သဘောထား မှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) အေဂျင်စီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၇)

## မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ

၁၃။ အမှတ်တံဆိပ်တစ်ခုခုသည် အောက်ဖော်ပြပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် မပြုရ -

(က) သိသာထင်ရှားမှု မရှိခြင်း၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့် အချိန် သို့မဟုတ် အခြားသောလက္ခဏာများကို ဖော်ပြသည့်အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာပါဝင်ခြင်း၊

ခြွင်းချက်။ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခွင့်မရှိစေရ -

(၁) အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားသည့်နေ့ရက်မတိုင်မီ ယင်းအမှတ် တံဆိပ်ကို အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှုရှိနေခြင်း၊

(၂) နိုင်ငံတော်၏ ကုန်သွယ်မှုနယ်ပယ်၌လျှောက်ထားသူက ယင်းအမှတ် တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း၊ တစ်ဦးတည်း သီးသန့် အသုံးပြုလျက်ရှိခြင်း။

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုဖြစ်စေ၊ အမွန်အမြတ် ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ၊ တိုင်းရင်းသားများ၏ အမွန်အမြတ်ထားအပ်သော ရိုးရာဓလေ့ကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(ဃ) မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျ အသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်းဖြစ်လာခြင်း၊

(င) ပုဒ်မခွဲ (ခ) နှင့်စပ်လျဉ်း၍ အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကို ထင်ယောင်ထင်မှားဖြစ်စေရန် လှည့်ဖြားထားခြင်း၊

(စ) သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ အထိမ်းအမှတ်ဆိုင်ရာအသွင်အပြင်၊ အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက သတ်မှတ်ထားသည့် ကွပ်ကဲမှု သို့မဟုတ် အာမခံချက်ကို ဖော်ပြထားသော တရားဝင်သင်္ကေတ သို့မဟုတ် အရည်အသွေးအာမခံ အမှတ်တံဆိပ်စသည်တို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်များ၊ အလံများ၊ အခြားအမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတိုကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ တိုက်ရိုက်ကူးယူခြင်း၊ တုပခြင်း သို့မဟုတ် ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

(ဆ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ် သင်္ကေတများကို အသုံးပြုထားခြင်း။

၁၄။ အမှတ်တံဆိပ်တစ်ခုခုသည် အောက်ဖော်ပြပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန်ဆက်စပ်သောအကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်မပြုရ –

(က) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၊ ဦးစွာလျှောက်ထားသော အမှတ်တံဆိပ် သို့မဟုတ် ဦးစားပေး အခွင့်အရေး လျှောက်ထားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် သုံးစွဲသူများ ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊

(ဂ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မူပိုင်ခွင့်ကို ထိပါးချိုးဖောက်မှု ဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(ဃ) အမှတ်တံဆိပ်ကို မရိုးမဖြောင့်သော သဘောဖြင့် မှတ်ပုံတင် လျှောက်ထားခြင်း၊

(င) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်သည့်အပြင် ကုန်ပစ္စည်း

သို့မဟုတ် ဝန်ဆောင်မှုများလည်း ထပ်တူ သို့မဟုတ် အလားတူဖြစ်နေသဖြင့် သုံးစွဲသူများအား ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

(စ) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်ပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ မတူညီသော်လည်း ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်းပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါ အသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

## အခန်း (၈)

## လျှောက်ထားခြင်း

၁၅။ ဤဥပဒေအရ အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိရန် မှတ်ပုံတင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၆။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင် လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၇။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်-

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(၃) ကိုယ်စားလှယ် လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ၊

(၄) အမှတ်တံဆိပ်၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်အမျိုးအစား အုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ရန်တောင်းဆိုသောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမည်နှင့် အမျိုးအစားများ၊

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) ဦးစားပေး အခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေး အခွင့်အရေးရှိကြောင်း ခိုင်လုံသည့်အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၃) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာဦးစားပေး အခွင့်အရေးရှိကြောင်းခိုင်လုံသည့် အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၄) လျှောက်ထားသည့် အမှတ်တံဆိပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ဖြစ်ပါက ယင်းသို့ မှတ်ပုံတင်ထားကြောင်း အထောက်အထား စာရွက်စာတမ်း၊

(၅) အေဂျင်စီနှင့် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၈။ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော အမှတ်တံဆိပ် လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့်နေ့သည် နိုင်ငံတော်တွင် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည်-

(က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မတူညီသောနေ့ အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို ဦးစွာတင်သွင်းသူအား မှတ်ပုံတင်ခွင့် ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူ အသီးသီးက ဦးစားပေး အခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာ၌ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်ခဲ့လျှင် မှတ်ပုံတင်ပေးရန်

သတ်မှတ်ချက်များနှင့် ညီညွတ်သော အမှတ်တံဆိပ် လျှောက်ထားချက်တွင် ဦးစားပေး အခွင့်အရေးနေ့ အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၀။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော အမှတ်တံဆိပ်များကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ကို တောင်းဆို လျှောက်ထားလာပါက–

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး အမှတ်တံဆိပ် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ၎င်းတို့ အချင်းချင်းဆွေးနွေးညှိနှိုင်းချက်အရ အမှတ်တံဆိပ် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကို မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၂၁။ (က) အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် –

(၁) မှတ်ပုံတင်အရာရှိက အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့်စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့်ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(၂) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(၃) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆို တစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန်လည်းကောင်း၊ တင်ပြထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်းပြုလုပ်ပေးရန်လည်းကောင်း သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက် အသစ်များ အဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့်နေ့ကို လျှောက်ထားချက်တင်သွင်းသည့် နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၁ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း(၉)
## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၃။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) ပုဒ်မ ၁၃ ပါ အချက်များနှင့်ငြိစွန်းခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၁၇ ပါ အချက်များ ပြည့်စုံစွာ ပါဝင်ခြင်းရှိ မရှိ ကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင် အရာရှိထံ တင်ပြရမည်။

( ခ ) ပုဒ်မ ၁၃ ပါ အချက်များနှင့် ငြိစွန်းခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၁၇ ပါ အချက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိကို လည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါ မှတ်ပုံတင်လျှောက်ထားချက်ကို စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

( ဂ ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၄။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့ပြီး အဆိုပါပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ အမှတ်တံဆိပ်လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေး ဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် အမှတ်တံဆိပ် မှတ်ပုံတင် ပေးရန် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည်-

(၁) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့် ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းချက်များကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအပေါ် ခိုင်လုံသော အကြောင်းပြချက်ကို တောင်းဆိုချက်တွင်ဖော်ပြခြင်း၊

(၄) အခကြေးငွေ ပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန်တောင်းဆိုလာလျှင် မှတ်ပုံတင် အရာရှိက ဆိုင်းငံ့ထားရမည်။

၂၅။ မှတ်ပုံတင်အရာရှိသည်-

(က) အမှတ်တံဆိပ် လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေး ဆုံးရှုံးမှုဖြစ်ပေါ်စေမည် ဆိုပါက စွန့်လွှတ်ပြီးသော အမှတ်တံဆိပ် ကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါတောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၃၊ ပုဒ်မ ၁၇ တို့ နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန် နှင့်ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန် ကြေညာရမည်။

၂၆။ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ ရက်အတွင်း ပုဒ်မ ၁၃ နှင့် ၁၄ တို့တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည်။

၂၇။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့်အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၂၈။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာ တင်သွင်းခြင်းမရှိပါက အဆိုပါ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းလာပါက ကန့်ကွက်ချက်ကို ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စစ်ဆေးပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံအကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၂၉။ အမှတ်တံဆိပ်ပိုင်ရှင်သည်-

(က) အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့်နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၀။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း(၁၀)

## ဦးစားပေးအခွင့်အရေး

၃၁။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပြည်ပတွင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်၌ ပါဝင်သည့် ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်တူညီသော အမှတ်တံဆိပ်ကို ပထမလျှောက်ထားသည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနသို့ အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားလျှင် အဆိုပါ စတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

၃၂။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်

ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် အမှတ်တံဆိပ်နှင့်ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ စတင်ခင်းကျင်းပြသခဲ့သည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနတွင် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလျှင် အဆိုပါ စတင်ခင်းကျင်းပြသခဲ့သည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေးခံစားရမည်။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁ အရ လျှောက်ထားသည့်နေ့မှ စတင်ရရှိသည့် ဦးစားပေး အခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း(၁၁)
## မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၃၄။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ မှတ်ပုံတင်သက်တမ်းသည် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ ၁၀ နှစ် ဖြစ်သည်။ မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကုန်ဆုံးပြီးနောက် တစ်ကြိမ်လျှင် ၁၀ နှစ်စီဖြင့် သက်တမ်းတိုးနိုင်သည်။

၃၅။ အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလကုန်ဆုံးမည့်နေ့ မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါ သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၃၆။ မှတ်ပုံတင်အရာရှိသည်-

(က) သတ်မှတ်ချက်နှင့် ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့် နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန် ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေ ပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း အမှတ်တံဆိပ်ပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရပ်စဲရမည်။

(င) ရပ်စဲသွားသည့် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ခြင်းမှ ရပ်စဲကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၂)
## မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၃၇။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၃၈။ အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၉ နှင့် ၄၀ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ–

(က) သီးသန့်အခွင့်အရေးအဖြစ်–

(၁) ယင်း၏ သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံးအရဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်။

(၃) အောက်ပါအခြေအနေများနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ယင်း၏ သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်ရှိသည်–

(കက) မှတ်ပုံတင်ထားသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နေခြင်း၊

(ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

(ခ) အခန်း (၁၃) နှင့် (၁၄) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၃၉။ အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကုန်သွယ်မှု လုပ်ငန်းများအတွက် အောက်ပါတို့နှင့်စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့်မရှိစေရ –

(က) ပိုင်ရှင်၏ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့် အချိန်ကာလ သို့မဟုတ် အခြားသောလက္ခဏာများကို ဖော်ပြသည့် ညွှန်းပြချက်များ၊

(ဂ) ကုန်ပစ္စည်းကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အသုံးပြုရန် ရည်ရွယ်သည့် ဖော်ပြချက်၊ အထူးသဖြင့် တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများ၏ အသုံးပြုရန် ရည်ရွယ်သည့် ဖော်ပြချက်။

၄၀။ အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်းကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏သဘောတူညီချက် ရရှိသူကဖြစ်စေ ပေးပို့ထားသည့် ဈေးကွက်တွင် ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ ယင်း၏အမှတ် တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့် မရှိစေရ။

၄၁။ ပုဒ်မ ၄၀ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အမှတ်တံဆိပ်ပိုင်ရှင်သည် ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်သွင်းပြီးနောက် ယင်းကုန်ပစ္စည်း၏ အခြေအနေ ပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။

## အခန်း(၁၃)
## အမှတ်တံဆိပ်အခွင့်အရေးများကို လွှဲပြောင်းခြင်း

၄၂။ (က) အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ယင်း၏လျှောက်ထားချက်ကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်း၏မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှုကို ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ဖြစ်စေ လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၃။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ အမှတ်တံဆိပ်ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် လျှောက်ထားလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၄။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း(၁၄)
## မှတ်ပုံတင်ထားသောအမှတ်တံဆိပ်ကို ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်း

၄၅။ အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဖြစ်စေ၊ ယင်း၏မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို အသုံးပြုရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၄၆။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် ခွင့်ပြုချက် စာတမ်းအမှတ်အသား မိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၇။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၆ အရ လျှောက်ထားခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၈။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက မှတ်ပုံတင် အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာ ရမည်။

၄၉။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း(၁၅)

## အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာခြင်းနှင့် ပယ်ဖျက်ခြင်း

၅၀။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ပုဒ်မ ၁၃ ပါ ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့် မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

(ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၁၄ ပါ ငြင်းပယ်ရန်ဆက်စပ်သော အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့် မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

(ဂ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ်ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်တို့ကို လက်ခံရရှိလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာရမည်။

(ဃ) (၁) ပုဒ်မခွဲ (က) ပါ တရားမဝင်ကြောင်း ကြေညာခြင်းအတွက် တောင်းဆိုချက်ကို မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။

(၂) မရိုးမဖြောင့်သောသဘောဖြင့် မှတ်ပုံတင်ခဲ့ခြင်းမဟုတ်လျှင် ပုဒ်မခွဲ (ခ) ပါ တရားမဝင်ကြောင်း ကြေညာခြင်းအတွက် တောင်းဆိုချက်သည် မှတ်ပုံတင်သည့်နေ့မှ ငါးနှစ်အတွင်းသာ လျှောက်ထားနိုင်သည်။

(င) တရားမဝင်ကြောင်း ကြေညာသည့် အကြောင်းရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် ယင်းနှင့်ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် တရားမဝင်ကြောင်း ကြေညာရမည်။

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို တရားမဝင်ကြောင်း ကြေညာခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့တရားမဝင်ကြောင်း ကြေညာ ခြင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၁။ (က) အမှတ်တံဆိပ် အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထား

ချက်အရ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့်သက်ဆိုင်သည့်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို မှတ်ပုံတင်အရာရှိထံ လျှောက်ထားသည့်နေ့မှစ၍ သုံးနှစ်အတွင်း လုံးဝအသုံးမပြုခြင်းနှင့် အဆိုပါအသုံးပြုမှု ပျက်ကွက်ခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက်မရှိခြင်း၊

(၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ် အသုံးပြုခြင်းအား တစ်ဆက်တည်း သုံးနှစ်ကြာ ဆိုင်းငံ့ထားခြင်းနှင့် အဆိုပါဆိုင်းငံ့ထားခြင်းအတွက် ခိုင်လုံသော အကြောင်းပြချက် မရှိခြင်း၊

(၃) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်သည် ကုန်ပစ္စည်း၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန်တို့ကို ဖော်ပြသည့် ညွှန်းပြချက်များ သို့မဟုတ် မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျ အသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာသည့် ညွှန်းပြချက်များ သီးသန့်ပါဝင်လာခြင်း။

( ခ ) ပုဒ်မခွဲ (က) အရ အမှတ်တံဆိပ်အသုံးပြုခြင်းတွင် အောက်ပါတို့ပါဝင်သည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ထူးခြားသော လက္ခဏာများအား ပြောင်းလဲခြင်းမရှိဘဲ ကွဲပြားသောပုံစံတစ်ခုအဖြစ် အသုံးပြုခြင်း၊

(၂) ပြည်ပသို့တင်ပို့ရန် ရည်ရွယ်၍ ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်း သို့မဟုတ် ယင်းကုန်ပစ္စည်းကို ထုပ်ပိုးထားခြင်းအပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်းတို့ အပါအဝင် နိုင်ငံတော်တွင် အသုံးပြုခြင်း။

( ဂ ) ဤဥပဒေအရ အမှတ်တံဆိပ်အသုံးပြုသည့်ကာလ၊ သဘောသဘာဝ သို့မဟုတ် နယ်ပယ်အပါအဝင် အမှတ်တံဆိပ်အားအသုံးပြုမှုကို သက်သေပြရန် လိုအပ်လျှင် အဆိုပါ သက်သေပြရန်တာဝန်သည် အမှတ်တံဆိပ်ပိုင်ရှင်အပေါ် ကျရောက်စေရမည်။

(ဃ) ပယ်ဖျက်စေသည့် အကြောင်းရင်းများသည် မှတ်ပုံတင်ထားသောအမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် ယင်းနှင့်ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပယ်ဖျက်စေရမည်။

( င ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးပါက အဆိုပါမှတ်ပုံတင်ခြင်းသည် တရားဝင်ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ပယ်ဖျက်ပြီးကြောင်းကို အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၂။ မည်သူမဆို ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) နှင့် ငြိစွန်းသဖြင့် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်သည့် သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်သည့် အမှတ်တံဆိပ်ကို အသုံးမပြုရ။

## အခန်း(၁၆)

## ဒေသဆိုင်ရာအညွှန်း

၅၃။ သက်ဆိုင်ရာကုန်ပစ္စည်းကို ထုတ်လုပ်သော ဒေသအတွင်းရှိ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ကိုယ်စားပြုသည့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုသည် ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်လိုပါက မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည် -

(က) သဘာဝထွက်ကုန် သို့မဟုတ် သဘာဝသယံဇာတများဖြင့် ကုန်ပစ္စည်းထုတ်လုပ်သူများ၊

(ခ) စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်သူများ၊

(ဂ) လက်မှုပစ္စည်း သို့မဟုတ် စက်မှုပစ္စည်းဆိုင်ရာထုတ်ကုန် ထုတ်လုပ်သူများ၊

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိ ဖော်ပြထားသူများ၏ ကိုယ်စား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ။

၅၄။ (က) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(၁) လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၂) မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ဒေသဆိုင်ရာအညွှန်း၊

(၃) လျှောက်ထားသည့် ဒေသဆိုင်ရာအညွှန်းထွက်ရှိရာဒေသ၊

(၄) ဒေသဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ကုန်ပစ္စည်း။

(ခ) အဆိုပါ လျှောက်လွှာများနှင့်အတူ အောက်ပါတို့ကို ဖော်ပြရမည် -

(၁) ကုန်ပစ္စည်း၏ ထူးခြားသော အချက်အလက်များ သို့မဟုတ် အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှု၊

(၂) ကုန်ပစ္စည်း၏ တိကျစွာ သတ်မှတ်ထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသလက္ခဏာများ၊ မူရင်းဒေသနှင့် ထုတ်လုပ်မှုနည်းစနစ်တို့၏ ဆက်စပ်မှု၊

(၃) သတ်မှတ်သည့် အခြားအချက်များ။

(ဂ) လျှောက်ထားရာတွင် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။

၅၅။ ဒေသဆိုင်ရာအညွှန်းသည် အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းနေပါက မှတ်ပုံတင်ခွင့် မရှိစေရ -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု မရှိခြင်း၊

(ခ) အဆိုပါ ဒေသဆိုင်ရာ အညွှန်းကို သုံးစွဲမည့် ကုန်ပစ္စည်းသည် နိုင်ငံတော်ရှိ အများသုံး ဝေါဟာရတွင် ယေဘုယျအသုံးအနှုန်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်နေခြင်း၊

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရား ကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမှုနှင့် ဆန့်ကျင်သော ဒေသဆိုင်ရာအညွှန်းတစ်ရပ် ဖြစ်ခြင်း။

၅၆။ အကျိုးသက်ဆိုင်သူ မည်သူမဆို သို့မဟုတ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမဆို အောက်ပါ အကြောင်းပြချက်များဖြင့် ဒေသဆိုင်ရာအညွှန်းအား မှတ်ပုံတင်ထားခြင်းကို တရားမဝင်ကြောင်း ကြေညာရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ) ပါ ဒေသဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှု မရှိခြင်း၊

(ခ) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) ပါ ချမှတ်ထားသော အချက်အလက်များနှင့် သက်ဆိုင်သည့် လိုအပ်ချက်များနှင့် ကိုက်ညီစေရန် သေချာစွာ ဆက်လက်လုပ်ဆောင်နိုင်မှုမရှိခြင်း၊

(ဂ) မူရင်းထွက်ရှိရာနိုင်ငံတွင် အကာအကွယ်ပြုလုပ်မထားသော သို့မဟုတ် ကာကွယ်ခြင်း ရပ်စဲသွားသော သို့မဟုတ် အဆိုပါနိုင်ငံတွင် အသုံးမပြုတော့သော ပြည်ပဒေသဆိုင်ရာ အညွှန်းတစ်ရပ်ရပ်ဖြစ်ခြင်း၊

(ဃ) အများပြည်သူ၏အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရား ကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမှုနှင့် ဆန့်ကျင်နေသော ဒေသဆိုင်ရာအညွှန်း တစ်ရပ် ဖြစ်ခြင်း။

၅၇။ (က) မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသော ဒေသအတွင်း ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသူများကသာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းကို သုံးစွဲခွင့်ရှိရမည်။ သို့ရာတွင် အဆိုပါ ကုန်ပစ္စည်းများသည် မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားသော ဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည်။

(ခ) သံတူကြောင်းကွဲဖြစ်နေသည့် ဒေသဆိုင်ရာအညွှန်းများတွင် မှတ်ပုံတင်ပြီးသော ဒေသဆိုင်ရာအညွှန်းအမည်နှင့် နောက်ပိုင်းတွင်မှ မှတ်ပုံတင်သည့် သံတူကြောင်းကွဲ ဒေသဆိုင်ရာအညွှန်း အမည်တို့အကြား လက်တွေ့ကျင့်သုံးမှုတွင် သိသာထင်ရှားသော

ကွဲပြားခြားနားမှုရှိသည့်အခါမှသာ သက်ဆိုင်ရာ ထုတ်လုပ်သူများအား သာတူညီမျှ ပြုမူဆက်ဆံရန်နှင့် စားသုံးသူများအား ထင်ယောင်ထင်မှားမဖြစ်စေရန် လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား၍ အကာအကွယ်ပေးရမည်။

(ဂ) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးရရှိသူသည် အောက်ပါ ကိစ္စရပ်များကို ကာကွယ်တားဆီးပိုင်ခွင့်ရှိသည် -

(၁) ကုန်ပစ္စည်း၏ ဒေသဆိုင်ရာအညွှန်းနှင့်စပ်လျဉ်း၍ အများပြည်သူကို လှည့်ဖြားရန် အလို့ငှာ မူရင်းဒေသမှန်မှမဟုတ်ဘဲ အဆိုပါဒေသမှ ထွက်ရှိသောပစ္စည်းဖြစ်ကြောင်း ဖော်ပြ၍ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) တရားမျှတမှုမရှိသည့် ယှဉ်ပြိုင်မှုတစ်ရပ်ကိုဖြစ်စေသော မှတ်ပုံတင်ထားသည့် ဒေသဆိုင်ရာအညွှန်းကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၃) ကုန်ပစ္စည်း၏ မူရင်းဒေသကို ညွှန်ပြရာတွင်ဖြစ်စေ၊ ဒေသဆိုင်ရာအညွှန်းကို ဘာသာပြန်ဆို၍ အသုံးပြုရာတွင်ဖြစ်စေ၊ အမျိုးအစား၊ အုပ်စု၊ ပုံစံ၊ တုပခြင်း သို့မဟုတ် အလားတူဖော်ပြချက်များဖြင့် ဒေသဆိုင်ရာအညွှန်းကို တွဲဖက်အသုံးပြုထားရာတွင် ဖြစ်စေ အငြင်းပွားနေသော ဒေသဆိုင်ရာအညွှန်းဖြင့် ဖော်ပြထားသော ဒေသမှ မဟုတ်သည့် ကုန်ပစ္စည်းများအတွက် ဒေသဆိုင်ရာအညွှန်းကို အသုံးပြုခြင်း။

(ဃ) ကုန်ပစ္စည်းမူရင်းထွက်ရှိရာ နယ်နိမိတ်၊ ဒေသ သို့မဟုတ် နယ်မြေကို တိကျမှန်ကန်စွာ ဖော်ပြထားသော်လည်း အခြားနယ်နိမိတ်မှထွက်ရှိသော ကုန်ပစ္စည်းအဖြစ် အများပြည်သူကို မှားယွင်းစွာဖော်ပြထားသော အခြားဒေသဆိုင်ရာအညွှန်းများသည် ပုဒ်မခွဲ (က) နှင့် (ဂ) တို့ပါ အခွင့်အရေးများ မရရှိစေရ။

၅၈။ (က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်အား ပုဒ်မ ၅၃၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၅ တို့နှင့် ကိုက်ညီမှုရှိပါက လျှောက်ထားချက်တွင် ပါဝင်သောအကြောင်းအရာများနှင့် အချက်အလက် များကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် အမှတ်တံဆိပ်၏ ကန့်ကွက်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကိုလိုအပ်သလို အသုံးပြုနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက်ကို လက်ခံရရှိခြင်း မရှိလျှင်သော်လည်းကောင်း၊ ကန့်ကွက်ချက်ကို ငြင်းပယ်ခဲ့လျှင်သော်လည်းကောင်း ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင် ပေးရမည်။

၅၉။ မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်း၏ သက်တမ်းသည် ၎င်းကိုအကာအကွယ်ပေးရန် ခွင့်ပြုခဲ့သည့် ထူးခြားသော ဝိသေသလက္ခဏာများ၊ အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများ တည်ရှိနေသရွေ့ ဤဥပဒေအရ အကာအကွယ် ရရှိစေရမည်။

၆၀။ (က) ဒေသဆိုင်ရာအညွှန်းတစ်ရပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားပြီးနောက် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာလျှင် ပုဒ်မ ၅၇ ကို ချိုးဖောက်၍ဖြစ်စေ၊ တူညီသောထုတ်ကုန်နှင့်ဆက်စပ်၍ဖြစ်စေ အသုံးပြုသော အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအား မှတ်ပုံတင်အရာရှိက ငြင်းပယ်ရမည်။

(ခ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်များသည် ပုဒ်မခွဲ (က) နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက ယင်းအမှတ်တံဆိပ်များသည် တရားမဝင်ကြောင်း ကြေညာခြင်းခံရမည်။

(ဂ) ဒေသဆိုင်ရာအညွှန်းကို မှတ်ပုံတင်ရန် မလျှောက်ထားမီ သဘောရိုးဖြင့် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် လျှောက်ထားပြီးသော အမှတ်တံဆိပ်သည် ပုဒ်မ ၅၇ ကို ချိုးဖောက်၍ အသုံးပြုထားသော်လည်း အခန်း (၁၅) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိလျှင် ဒေသဆိုင်ရာအညွှန်း မှတ်ပုံတင်ခြင်းတွင် မည်သို့ပင်ရှိစေကာမူ အဆိုပါ ထုတ်ကုန်များအတွက် ဆက်လက်အသုံးပြုနိုင်သည်။ မှတ်ပုံတင်အရာရှိသည် အဆိုပါကိစ္စရပ်များအတွက် ဒေသဆိုင်ရာ အညွှန်းအသုံးပြုမှုကို ယင်းနှင့်ဆက်နွှယ်နေသော အမှတ်တံဆိပ်အသုံးပြုမှု ကဲ့သို့ ခွင့်ပြုရမည်။

၆၁။ (က) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် အကာအကွယ်ရရှိထားသော ဒေသဆိုင်ရာ အညွှန်းများကို ကြီးကြပ်ကွပ်ကဲရမည်။ ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းအချို့ကို အခြားပုဂ္ဂိုလ်တစ်ဦးအား လွှဲအပ်နိုင်သည်။

(ခ) ကြီးကြပ်ကွပ်ကဲမှုတွင် အောက်ပါတို့ ပါဝင်ရမည် -

(၁) ဒေသဆိုင်ရာအညွှန်းအဖြစ် မှတ်ပုံတင်ထားသောထုတ်ကုန်များ၏ သတ်မှတ်ဖော်ပြချက်များနှင့် သက်ဆိုင်ရာ ထုတ်ကုန်တို့၏ ကိုက်ညီမှု၊

(၂) မှတ်ပုံတင်ထားသော ဒေသဆိုင်ရာအညွှန်းအမည်များအား ဈေးကွက်တွင် အသုံးပြုမှု။

(ဂ) ထုတ်ကုန်၏ သတ်မှတ်ဖော်ပြချက်များနှင့်ကိုက်ညီရန် ကြီးကြပ်ကွပ်ကဲမှုအတွက် ကုန်ကျစရိတ်အား အကျိုးသက်ဆိုင်သူများမှ ပေးဆောင်ရမည်။

၆၂။ ဒေသဆိုင်ရာအညွှန်း၏ အခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် သတ်မှတ်ချက်များအား ဖောက်ဖျက်ပါက အမှတ်တံဆိပ် အခွင့်အရေး ထိပါး ချိုးဖောက်မှုများ၏ အရေးယူမှုဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

## အခန်း(၁၇)
## ကုန်သွယ်မှုအမည်

၆၃။ (က) ကုန်သွယ်မှုအမည်သည် အမှတ်တံဆိပ်တစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည် ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ယင်းကုန်သွယ်မှုအမည်ကို မှတ်ပုံတင်ခြင်းမပြုသော်လည်း အကာအကွယ်ပေးရမည်။

( ခ ) အမည် သို့မဟုတ် သတ်မှတ်ဖော်ပြချက်တစ်ရပ်၏ သဘောသဘာဝအရဖြစ်စေ၊ ယင်းကို ထည့်သွင်းအသုံးပြုခြင်းအားဖြင့်ဖြစ်စေ အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်သိက္ခာကို ဆန့်ကျင်ထိပါးစေလျှင်၊ အထူးသဖြင့် ယင်းအမည်ဖြင့် ဖော်ပြထားသော စီးပွားရေးလုပ်ငန်း သဘောသဘာဝသည် ကုန်သွယ်မှုနယ်ပယ် သို့မဟုတ် အများပြည်သူကို လှည့်ဖြားသကဲ့သို့ ဖြစ်ပေါ်စေလျှင် ယင်းအမည် သို့မဟုတ် သတ်မှတ် ဖော်ပြချက်ကို ကုန်သွယ်မှုအမည်အဖြစ် အသုံးမပြုရ။

( ဂ ) ကုန်သွယ်မှုအမည် တစ်ခုနှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်အသားကို အခြားကုန်သွယ်မှုအမည် အဖြစ်လည်းကောင်း၊ အမှတ်တံဆိပ်အဖြစ်လည်းကောင်း ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင် ထင်မှားဖြစ်စေလျှင် ကုန်သွယ်မှုအမည်ကို အကာအကွယ်ပေးရမည်။

## အခန်း(၁၈)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၆၄။ အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ် မှတ်ပုံတင်စနစ် သဘောတူစာချုပ်တွင် နိုင်ငံတော်က အဖွဲ့ဝင် အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက် နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

## အခန်း(၁၉)
## အယူခံခြင်း

၆၅။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ် သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက် အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်းပြုနိုင်သည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၆၆။ အေဂျင်စီက ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စု

တရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထား နိုင်သည်။

## အခန်း( ၂၀)
## မူပိုင်ခွင့်တရားရုံးတည်ထောင်ခြင်း

၆၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်း အရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများကို မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

( ဂ ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့် တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သောတရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့် တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့် အာဏာ နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

( င ) ပုဒ်မ ၆၆ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းရမည်။

## အခန်း(၂၁)
## အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနက အကာအကွယ်ပေးခြင်း

၆၈။ အခွင့်အရေးရရှိသူသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံထားရသော ကုန်ပစ္စည်းများကို နိုင်ငံတော် နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက် ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက်အထားရှိပါက အဆိုပါ ကုန်ပစ္စည်းကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၆၉။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မ ၆၈ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကို စိစစ်ရန် လိုအပ်သော သတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ၁၅ ရက် အတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့ရန် ယင်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကို လက်ခံရာတွင် အာမခံချက်တစ်ရပ်ကို အကောက်ခွန် ဦးစီးဌာနတွင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

( ခ ) လျှောက်ထားသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်း မပြုခဲ့လျှင် ပုဒ်မခွဲ (က) ပါ လုပ်ဆောင်မှုများသည် ခြောက်လအထိ သက်ရောက်မှုရှိစေရမည်။

၇၀။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၆၉ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရဖြစ်စေ အမှတ်တံဆိပ်အတုကို အသုံးပြု၍ တင်သွင်းသော ကုန်ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့် အထောက်အထားများရှိလျှင် အဆိုပါကုန်ပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

( ခ ) အဆိုပါကုန်ပစ္စည်းသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက် မှန်ကန်ကြောင်း သက်သေပြရန် အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသော ကုန်ပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်း သူတို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၇၁။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက် အတွင်း လျှောက်ထားသူက အမှုကိစ္စအမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက် ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ကုန်ပစ္စည်းစီးဆင်းမှု ဆိုင်းငံ့သည့် ယာယီအရေးယူ ဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းကုန်ပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သောကိစ္စရပ်များတွင် ထိုသတ်မှတ်သည့် အချိန်ကာလကို ၁၅ ရက် မကုန်ဆုံးမီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၁၅ ရက် ထပ်မံတိုးနိုင်သည်။

( ခ ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ကာလသည် သုံးရက်ဖြစ်သည်။

၇၂။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကို မကျေနပ်ပါက သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့်တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေး တောင်းဆိုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၇၃။ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်း မှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ရမည်။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေဖြင့် တင်သွင်းသူထံမှ အဆိုပါကုန်ကျစရိတ်များကို မရရှိခဲ့လျှင် လျှောက်ထားသူသည် အဆိုပါကုန်ကျစရိတ်များအား ပေးဆောင်ရန် တာဝန်ရှိပြီး တင်သွင်းသူထံမှ ထိုသို့ပေးဆောင်ရမည့် မည်သည့်စရိတ်ကိုမဆို ပြန်လည်ရပိုင်ခွင့်ရှိစေရမည်။

၇၄။ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါကုန်ပစ္စည်းများကို မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို မူပိုင်ခွင့်တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၇၅။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများအား စီးပွားရေးအလို့ငှာမဟုတ်ဘဲ တင်သွင်းသူက ကိုယ်ပိုင်သုံးရန် ရည်ရွယ်၍ ခရီးသည် ဝန်စည်အနေဖြင့် ယူဆောင်လာသော ကုန်ပစ္စည်းနှင့် သော်လည်းကောင်း၊ နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသော တင်သွင်းတင်ပို့လာသော ကုန်ပစ္စည်းနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၇၆။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲထားသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်လည်းကောင်း၊ အခြားနိုင်ငံမှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်လည်းကောင်း သတင်းအချက်အလက်များ ဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း(၂၂)
## အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၇၇။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၇၉ နှင့် ၈၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

( ခ ) အခွင့်အရေးရရှိသူသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၈။ မူပိုင်ခွင့်တရားရုံးသည်-

(က) အမှတ်တံဆိပ်ပိုင်ရှင် မဟုတ်သော အခြားသူတစ်ဦးက ယင်းအမှတ်တံဆိပ် ပိုင်ရှင်၏ သဘောတူခွင့်ပြုချက်မပါဘဲ ပုဒ်မ ၃၈ ပါ အခွင့်အရေးတစ်ရပ်ရပ်ကို နိုင်ငံတော်တွင် ကျင့်သုံးဆောင်ရွက်ပါက ဤဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်ကို ချိုးဖောက်သည်ဟု မှတ်ယူရမည်။

( ခ ) ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူ သို့မဟုတ် အလားတူ မှတ်ပုံတင်မထားသည့် ကျော်ကြားသော အမှတ်တံဆိပ် သင်္ကေတတစ်ခုအား ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်းသည် အများပြည်သူကို ထင်ယောင် ထင်မှားဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။

၇၉။ (က) မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်မှု များနှင့်စပ်လျဉ်း၍ ပုဒ်မ ၇၇၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက တရားမကြောင်း အရ ကုစားဆောင်ရွက်ရန် အောက်ပါယာယီအရေးယူ ဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ် တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများ အပါအဝင်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးရန်သင့်သည် ထင်မြင်သည့် အမိန့်၊

(၂) စွပ်စွဲခံရသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေ မပျက် ထိန်းသိမ်းထားရန် သင့်သည်ထင်မြင်သည့်အမိန့်၊

(၃) သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာနက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်။

( ခ ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန်ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီ အရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံတင်သွင်းစေခြင်း။

( ဂ ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူ ဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ်ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူ ဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၇၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

( င ) မူပိုင်ခွင့် တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန်အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကို ဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှုတစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့် အန္တရာယ်အမှန်တကယ်ကျရောက်နေခြင်း။

( ခ ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖတ်သတ်ယာယီအရေးယူ ဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာထုတ်ပြန်သည့်နေ့မှရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) ယင်းအရေးယူ ဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၈၁။ (က) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမ ဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူ ပြီးတင်သွင်းလာမည့် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက် ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားဆီးခြင်း အပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့် အမိန့်၊

(၂) (ကက) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါး ချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့် အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆို ထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန် အမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန် အမိန့်၊

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲ အမှတ်တံဆိပ် ချိုးဖောက်သော ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့် အမိန့်၊

(၄) အမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများ ပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်ချမှတ်သည့်အမိန့်။

( ခ ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) နှင့် (၄) တို့အရ အမိန့်တစ်ခုခုကို ချမှတ်ရန် စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် အမှတ်တံဆိပ်ချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာ ချင့်ချိန် ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၈၂။ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်းပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ် အပါအဝင်တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၈၃။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်း အချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသောသက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

( ခ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်း စသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၈၄။ မူပိုင်ခွင့်တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ် ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၅။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့် စွဲဆိုပါက မူပိုင်ခွင့်တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေး ပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၈၄ အရ ချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေး အဖြစ် ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးရမည်။

၈၆။ မူပိုင်ခွင့်တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်း အတွက်အရေးယူ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း(၂၃)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈၇။ (က) မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို အခွင့်အရေးရှိသူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်-

(၁) အမှတ်တံဆိပ်အတုပြုလုပ်ခြင်း၊

(၂) အမှတ်တံဆိပ်အတုအား ကုန်ပစ္စည်းတွင် အသုံးချခြင်း သို့မဟုတ် ဝန်ဆောင်မှုများ နှင့်စပ်လျဉ်း၍ အသုံးချခြင်း၊

(၃) အမှတ်တံဆိပ် အတုပြုလုပ်ရန် ဖြစ်စေ၊ အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင် အသုံးချရန်ဖြစ်စေ အဓိကအသုံးပြုသော မည်သည့်ပစ္စည်း သို့မဟုတ် ကိရိယာ တန်ဆာပလာများကိုမဆို လက်ဝယ်ထားရှိခြင်း။

(ခ) မည်သူမဆို စီးပွားရေးအလို့ငှာ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(၁) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား ရောင်းဝယ်ဖောက်ကား ဖြန့်ဝေခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကား ဖြန့်ဝေရန် လယ်ဝယ်ထားခြင်း၊

(၂) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်မှ တင်ပို့ခြင်း။

၈၈။ မည်သူမဆို ပုဒ်မ ၈၇ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ၁၀ နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၈၉။ မည်သူမဆို နိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ အထူးအကာအကွယ်ပေးထားသောအလံ သို့မဟုတ် သင်္ကေတအမှတ်အသားများကို အမှတ်တံဆိပ် အဖြစ် စီးပွားရေးအလို့ငှာ အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၀။ မည်သူမဆို အမှတ်တံဆိပ်ပိုင်ရှင်ကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မှတ်ပုံတင်အမှတ် တံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းတစ်ခုခု ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေး စေခြင်း၊

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန် ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း။

၉၂။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင်ပူးပေါင်းပါဝင်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

## အခန်း(၂၄)

## အထွေထွေ

၉၃။ ဤဥပဒေအာဏာမတည်မီက မှတ်ပုံတင်အက်ဥပဒေနှင့်အညီ -

(က) စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် မှတ်ပုံမတင်ထားသော်လည်း နိုင်ငံတော်၏ ဈေးကွက်အတွင်းတွင် အမှန်တကယ်

အသုံးပြုနေသော အမှတ်တံဆိပ်ပိုင်ရှင်များသည် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန် လျှောက်ထားရမည်။

(ခ) စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မတင်ထားသည်ဖြစ်စေနိုင်ငံတော်၏ ဈေးကွက်အတွင်းတွင် အမှန်တကယ် အသုံးပြုနေသော အမှတ်တံဆိပ်များသည် အဆိုပါ အမှတ်တံဆိပ်ကိုအသုံးပြုထားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ယင်းအမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးကို သတ်မှတ်ထားသော ကာလအတွင်း ခံစားစေရမည်။

၉၄။ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ -

(က) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေအရသာ အရေးယူရမည်။

၉၅။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကို အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက သတ်မှတ်ချက်များနှင့်အညီ ထိုသူကို တင်ပြကြားနာခွင့်ပေးရမည်။

၉၆။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ် မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာမှုပိုင်ခွင့် တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၇။ မှုပိုင်ခွင့်တရားရုံးသည် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သောကိရိယာတန်ဆာပလာများ အပါအဝင် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန်သင့်သည် ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၉၉။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ဗဟိုကော်မတီ အဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၁၀၀။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၁၀၁။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မှုပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၀၂။ ဤဥပဒေပါ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုက စီးပွားရေးအလို့ငှာ မဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူ ဘေးအန္တရာယ်ကိစ္စများတွင် အမှတ်တံဆိပ်ပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာအသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၀၃။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်သည်။

၁၀၄။ အမှတ်တံဆိပ်အငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၀၅။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့် အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေ အားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၀၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် –

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနသည် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဃ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်